Myanmar Garment Manufacturers Association

# NEWSLETTER

MAY 2023, ISSUE




## (၄) ကြိမ်မြောက် MGMA Members' Day နှင့် MGMA နှစ် (၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနား

(၄) ကြိမ်မြောက် MGMA Members' Day နှင့် MGMA နှစ် (၂၀) ပြည့်အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက် က Lotte Hotel, Crystal Ballroom ၌ပြုလုပ်ခဲ့သည်။

ကနဦးအစီအစဉ်အဖြစ် အခမ်းအနားအားပံ့ပိုးကူညီပေးခဲ့ကြသော Platinum Sponsor ဖြစ်သော CB Bank, Gold Sponsor ဖြစ်သော DHL နှင့် MO Money နှင့် Silver Sponsor များဖြစ်ကြသော PHEE Group, G-Link Global, New Sky Curtain, New Sky Curtain, Bedsheets and Wallpaper တို့၏ ပြခန်းများ အား ပွဲတက်ရောက်လာသူများက လိုက်လံကြည့်ရှုခဲ့ကြသည်။

စာ - ၂



## MGMA နှင့် နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များ အသင်းတို့၏ အလှူငွေပေးအပ်ပွဲ အခမ်းအနား

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များ အသင်းတို့၏ မိုခါမုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် လှူဒါန်းငွေ ပေးအပ်ပွဲ အခမ်းအနား ကို ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက် က UMFCCI ၌ပြုလုပ်ခဲ့သည်။

စာ - ၈

# မာတိကာ

## Activities and News

စာမျက်နှာ

(၄) မြောက် MGMA Members' Day နှင့် MGMA နှစ် (၂၀) ပြည့်အထိမ်းအမှတ်အခမ်းအနား .................... ၂-၃-၄
မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ .................................. ၆
MGMA နှင့် နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့၏ အလှူငွေပေးအပ်ပွဲ အခမ်းအနား ................ ၈-၉
ဖက်ရှင်ကျောင်းဖွင့်လှစ်ရန် ပံ့ပိုးကူညီမှုဆိုင်ရာ အစည်းအဝေး........................................................... ၁၁
Tradenet 2.0 စနစ်မှ အလိုအလျှောက်လိုင်စင်ခွင့်ပြုခြင်း (Automatic Licensing) စနစ်အသုံးပြုမှုသင်တန်း ........................................................................................................ ၁၁
AOTS ၏ ၁၀ ကြိမ်မြောက် အသင်းသားစုံညီ အစည်းအဝေးသို့ MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက် ........................................................................................................ ၁၂
Chinese Interpreters' skill enhancement program of Foreign Investment Garment Factories သင်တန်းဆင်းပွဲအခမ်းအနား ........................................................................................ ၁၃
မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း ......... ၁၄
စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၅ - ၁၆) ........................................................................................................ ၁၅
အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၉) ........................................................................ ၁၆
အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA) ................... ၁၇
MGMA, CTGA, KOGAM, JGMA နှင့် အသင်းဝင်များ စုပေါင်းလှူဒါန်းသည့် အဝတ်အထည် နှင့် ဆန်များကို သင်္ဘောဖြင့် ပို့ဆောင်ရန် စတင်သယ်ယူခြင်း ................................................................ ၁၈
LIFT Myanmar SECURE Project Learning Workshop .................................................................. ၁၉

## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Advanced Sewing Machine Operator Training | 29 May to 9 June | MGHRDC |
| 2. | Industrial Engineering Training | TBC | MGHRDC |
| 3. | Labour Law awareness training | TBC | MGHRDC |
| 4. | Exchange networking dinner with foreign cluster of garment associations in Myanmar | 16 June | TBC |

## Membership Update

New Members in May 2023 ........................................................................ ၂၀
Membership update as of May 2023 ............................................................ ၂၀

# (၄) ကြိမ်မြောက် MGMA Members’ Day နှင့် နှစ် (၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနား




PRESIDENT OF UMFCCI U AYE WIN DELIVERING OPENING REMARKS

(၄) ကြိမ်မြောက် MGMA Members’ Day နှင့် နှစ် (၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက် က Lotte Hotel, Crystal Ballroom ၌ပြုလုပ်ခဲ့သည်။

ကနဦးအစီအစဉ်အဖြစ်အခမ်းအနားအားပံ့ပိုးကူညီပေးခဲ့ကြသော Platinum Sponsor ဖြစ်သော CB Bank, Gold Sponsor ဖြစ်သော DHL နှင့် MO Money နှင့် Silver Sponsor များဖြစ်ကြသော PHEE Group, G-Link Global, New Sky Curtain, New Sky Curtain, Bedsheets and Wallpaper တို့၏ ပြခန်းများ ပွဲတက်ရောက်လာသူများကလိုက်လံကြည့်ရှုခဲ့ကြသည်။

အခမ်းအနားတွင် MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုးမှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး UMFCCI ၏ ဥက္ကဋ္ဌ ဦးအေးဝင်းမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် MGMA ၏ Labour Officer ဦးမင်းစိုးဟန် မှ Voluntary Labour Compliance Assessment (VLCA) award အကြောင်းရှင်းလင်းပြောကြားခဲ့ပြီး ဆုရရှိသော စက်ရုံ (၃) ရုံအား VLCA Award ပေးအပ်ခဲ့သည်။ Eslite Garment Co., Ltd and Karisma Apparel (Myanmar) Co., Ltd တို့မှ “Higher Compliance” ဆုအားလည်းကောင်း Myanmar Silver Spring Enterprises Ltd မှ “Performance and Cooperation” ဆုအားလည်းကောင်း ရရှိခဲ့ပြီး ဆုရရှိခဲ့သော စက်ရုံများမှ တာဝန်ရှိလူကြီးမင်းများမှ ၎င်းတို့စက်ရုံများမှ VLCA နှင့်ပတ်သက်ပြီးလေးစားလိုက်နာမှုများနှင့် ပတ်သက်သောအလေ့အကျင့်ကောင်းများကို ပြောကြားခဲ့ပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။




CHAIRMAN OF MGMA U MYINT SOE DELIVERING WELCOME REMARKS




VICE - CHAIRMAN OF MGMA U KYAW WIN GIVING CLOSING REMARKS




**EXECUTIVE COMMITTEE OF MGMA GROUP PHOTO**

20 years journey of MGMA documentary video clip အားပြသပြီး Platinum Title Sponsor ဖြစ်သော ' CB Bank ' မှ ၎င်းတို့၏ဝန်ဆောင်မှုများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ MGMA ၏ ဒု-ဥက္ကဋ္ဌ ဦးကျော်ဝင်းမှ နှုတ်ဆက်အမှာစကားပြောကြားခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။ အခမ်းအနားသို့ UMFCCI ၏ ဥက္ကဋ္ဌ၊ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ Garment Cluster Associations မှ တာဝန်ရှိလူကြီးမင်းများ၊ EuroCham Myanmar, Smart Myanmar, MRGMA မှအလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် MGMA ၏အသင်းဝင်စက်ရုံများ တက်ရောက်ခဲ့ကြသည်။



**SOUVENIR OF BOUQUET FLOWER BY JGMA**




**VLCA HIGHER COMPLIANCE AWARD BY KARISMA APPAREL (MYANMAR)**




**VLCA HIGHER COMPLIANCE AWARD BY ESLITE GARMENT CO.,LTD**




**VLCA HIGHER COMPLIANCE AWARD BY MYANMAR SILVER SPRING ENTERPRISE LTD**




THANK YOU NOTE BY AWARDED FACTORIES



PARTICIPANTS




MGMA & MRGMA




MGMA & EVENT SPONSORS




HONORABLE TOAST TO MGMA BY PARTICIPANTS




MGMA EVENT ORGANIZER TEAM & EVENT SPONSORS





MARKETPLACE BY SPONSORS

# C B BANK

## Banking Services for
# CMP Business
## (Cutting, Making, Packing)



**နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နေသော**
**CMP လုပ်ငန်းရှင်ကြီးများ၏ ငွေဝင်ရောက်မှုအား**
**CB Bank မှ မြန်ဆန်စွာ ဆောင်ရွက်ပေးနေပါပြီ**

Trade Operation
**(+95) 1 378644**

Trade Sale
**(+95) 1 2317698**

www.cbbank.com.mm

# မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ

Japan Garment Manufacturers Association in Myanmar (JGMA) မှဦးဆောင်ကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အတူမြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်က Marina Kamakura Japanese Restaurant ၌ပြုလုပ်ခဲ့သည်။




အစည်းအဝေးတွင် MGMA နှင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်း (၄) သင်း တို့မှ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း၏ အခကြေးငွေနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ ယခုလက်ရှိအချိန်တွင် ဝယ်သူထံမှ အမှာစာများသည် တည်ငြိမ်သော်လည်း လုပ်သားအင်အားမရှိခြင်းသည် စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း၊ ပို့ကုန်လိုင်စင်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များ အကြောင်းကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် MGMA ၏ ဥက္ကဋ္ဌ မှ နှုတ်ဆက်အမှာစကားပြောကြားခဲ့ပြီး ညစာစားပွဲသို့ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်း အသင်းများဖြစ်သော မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA), Myanmar Garment Manufacturers Association (MGMA), Japan Garment Manufacturers Association (JGMA) and Chinese Textile & Garment Association in Myanmar (CTGA) တို့မှ ဥက္ကဋ္ဌများ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

Simplify your financial management with MoBiz!

MoBiz™

# "FUND IN ANYWHERE FUND OUT ANYWHERE"

**Our platform makes it easy for start-up and medium-sized businesses to manage your finances effectively.**

**SAY GOODBYE TO THE HASSLE OF PAPERWORK!**




## KYO HTOTE

**Bridges the financial gap between pay periods and can provide a lifeline for employees who need to cover unexpected expenses or emergencies.**

HOTLINE NUMBER
+95 9 776 000 800

FOR MORE INFORMATION
mo.com.mm

DOWNLOAD MoBiz APP
Android
ISO

DHL

# OVERSIZED & HEAVYWEIGHT

## SHIP NOW WITH DHL

Send your large and heavy shipments across the globe with DHL Express, now with increased limits and more possibilities to satisfy your logistics needs!

### PER PIECE LIMITS

**Weight:**
Up to 1,000kg

**Size:**
- Up to 148 cm long
- Up to 100 cm wide
- Up to 100 cm high

*(up to 180cm upon separate approval)*

### SHIPMENT LIMIT

**Weight:**
Up to 3,000kg



# MGMA နှင့် နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့၏ အလှူငွေပေးအပ်ပွဲ အခမ်းအနား

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့၏ မိုခါမုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် လှူဒါန်းငွေပေးအပ်ပွဲ အခမ်းအနား ကို ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်က UMFCCI ၌ပြုလုပ်ခဲ့သည်။



**DONATION UNITY HANDS TOGETHER AT UMFCCI**

MGMA ၏ မန်နေဂျင်းဒါရိုက်တာ မှ အလှူငွေလှူဒါန်းရခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ယခုလက်ခံရရှိထားသည့် အလှူငွေများမှာ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့နှင့် ၎င်းတို့၏ အဖွဲ့ဝင်စက်ရုံများ ၁၆.၅.၂၀၂၃ မှစတင်ကာ ယနေ့ထိလှူဒါန်းခဲ့သော အရာများဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ လှူဒါန်းသည့်အရာများမှာ စောင်များ၊ အနွေးထည်များ၊ ရှပ်အင်္ကျီများ၊ အမျိုးသမီးဝတ်အဝတ်အထည်များ၊ ကျောင်းဝတ်စုံများ နှင့် ဆန်အိတ်များပါဝင်သည်။ အဆိုပါအရာများနှင့် လှူဒါန်းငွေများအား MGMA ၏ စီစဉ်မှုဖြင့် Myanmar Garment Manufacturers Association (MGMA), Korea Garment Association in Myanmar (KOGAM), Chinese Textile & Garment Association in Myanmar (CTGA) နှင့် ၎င်းတို့၏ အဖွဲ့ဝင်များမှ UMFCCI သို့ လှူဒါန်းခဲ့သည်။



**IN-KIND AND CASH DONATED BY KOGAM**



**RECOGNITION OF HONOR TO KOGAM**



**IN-KIND AND CASH DONATED BY CTGA**



**RECOGNITION OF HONOR TO CTGA**



CASH DONATED BY JGMA



RECOGNITION OF HONOR TO JGMA




MD OF MGMA EXPLAINING ABOUT DONATION CAMPAIGN



DONATION UNITY HANDS TOGETHER AT UMFCCI





YOUR PARTNER OF CHOICE FOR YOUR
**ONE-STOP LOGISTICS SOLUTIONS**



**Freight Forwarding & Logistics**

Assisting and planning the management of air, sea and land freight. This includes managing the local transportation and customs declarations, as well as warehousing and storage solutions.



**Supply Chain Solutions**

Involves light manufacturing of consumer products at the raw material stage through distribution finished goods and onward towards the sales channel. This aspect also involves consultancy and strategic planning as a lead logistics provider.



**Shipping Agency**

Handling shipments and cargo, overseeing port operations and cargo brokering services. Phee Group acts as representative for international shipping operators in their engagement with local authorities and suppliers.



**Box Operator**

Leasing and provision of shipping containers to forwarders, in order to enable clients to ship their cargo from one country to the another with ease. This eliminates the hassle of having to engage and coordinate with an outside supplier.




Visit Us: www.pheegroup.com

Contact Us:
may@pheegroup.com
rachel@pheegroup.com



SERVICES
Freight Forwarding
Supply Chain Management
Distribution and Logistics
Transport Management
Customs Clearance
Warehousing and Storage
Global Logistics and Shipping
Glink Global
UNLOCK YOUR BUSINESS
POTENTIAL WITH GLINK
Glink Global
ANJ APEX
CONSULTANCY SERVICES LIMITED
JCTRANS
GLOBAL FREIGHT ALLIANCE
DFALLIANCE
By DP WORLD
Myanmar Office
Contact Us
Scan
Some of their clients..
GAP
H&M
ZARA
MK
COCO
kik
C&A
M&S
COACH
Compliance Services
Sedex
Supplier Ethical Data Exchange
BSCI
Business Social Compliance Initiative
Global Recycled Standard
ISO
HR
DISCOVER YOUR BUSINESS OPPORTUNITIES WITH
GLINK GLOBAL
WE DELIVER VALUES
OUR PRESENCE !
UAE -HQ . MYANMAR . CAMBODIA . BANGLADESH
SENT YOUR QUERIES TO
SALES6@GLINK-GLOBAL.COM
WHATSAPP : +8801894443057
Head Quarter
Al-Qaizi Building, Room:321,
Deira Fish Roundabout
(Nearby Salah Al Din Metro station),
PO Box No.231331,
Dubai UAE +97 1503488247
Email : support@glink-global.com
GLink Freight Ltd
Dhaka: Plot No.5
(Ground Flor),
Road No.13, No.1
Uttara, Dhaka 1230,
Bangladesh
mizan@glink-global.com
Hlaing Thar Yar
No.B/90/10,Kyansitthar St, Nawaday Shop House,
Hlaingtharyar Tsp, Yangon, Myanmar.
09-780677506
aynal.pm@anjapex.com
nahidafarhana229@gmail.com
GTx Freight Co.,Ltd
Phnom Penh-House
No. N20, Flat 1B, Sang Toul Tom Poung
Khan Khamkarmon, Phom Penh.
The Kingdom of Cambodia
sale5@glink-global.com
Myanmar
No.455,Waizayantar 15 St, 3 Quater,
South Okkalapa Tsp, Yangon, Myanmar.
09-425293164
awal@glink-global.com
arif@glink-global.com
Sales Team : +959 880873765, +959 880874572 , +959 880874575, +959 880874577, +959 880874578




NEW SKY CURTAIN, BEDSHEET & WALLPAPER
NS
NEW SKY
CURTAIN, BEDSHEET
& WALLPAPER
မိတ်ဆွေတို့ရဲ့အိမ်ဂေဟာကို လှပစေချင်တာ
New Sky ရဲ့စေတနာပါ .....
Ph : 09 43164148, 09 43018308
No -787 mahabandoola road, lanmadaw township, Yangon myanmar.

# ဖက်ရှင်သင်တန်းကျောင်းဖွင့်လှစ်ရန် ပံ့ပိုးကူညီမှုဆိုင်ရာ အစည်းအဝေး





ဖက်ရှင်သင်တန်းကျောင်းဖွင့်လှစ်ရန် ပံ့ပိုးကူညီမှုဆိုင်ရာ အစည်းအဝေး ကို မေလ ၂၉ ရက်က MGMA အစည်းအဝေးခန်း၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် MGMA, AJC, JETRO နှင့် Bunka Fashion College မှတာဝန်ရှိလူကြီးမင်းများမှ အထည်ချုပ်လုပ်ငန်း အတွက်ကျွမ်းကျင်သူများမွေးထုတ်ပေးလိုသည့်အတွက် မြန်မာနိုင်ငံတွင်ဖက်ရှင်ကျောင်းတစ်ခုဖွင့်လှစ်မည့်ကိစ္စရပ်များ၊ ကျောင်းဖွင့်လှစ်ရာတွင် လိုအပ်မည့်သင်ရိုးညွှန်းတမ်းများ၊ ဆရာ၊ ဆရာမများ၏လိုအပ်သည့်အရည်အချင်းများ၊ သင်တန်းကာလများ၊ သင်တန်းတက်ရောက်ရန် လိုအပ်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အထည်ချုပ်လုပ်ငန်း၌ အဆိုပါ ဖက်ရှင်သင်တန်းကျောင်းမှ သင်တန်းများသည် TOT အစီအစဉ်အဖြစ် ဖွံ့ဖြိုးတိုးတက်ရန် ဖြစ်နိုင်ခြေများအကြောင်းကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ Asean Japan Center (AJC), JETRO နှင့် ဂျပန်နိုင်ငံ Bunka Fashion College မှ တာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြသည်။





# Tradenet 2.0 စနစ်မှ အလိုအလျောက်လိုင်စင်ခွင့်ပြုခြင်း (Automatic Licensing) စနစ်အသုံးပြုမှုသင်တန်း

CMP ကုန်ပစ္စည်းများနှင့်ပတ်သက်၍ Tradenet 2.0 စနစ်မှ အလိုအလျောက်လိုင်စင်ခွင့်ပြုခြင်း (Automatic Licensing) စနစ်အသုံးပြုမှုသင်တန်းကို ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက် က UMFCCI, မင်္ဂလာခန်းမ ၌ အွန်လိုင်းစနစ်ဖြင့် ပြုလုပ်ခဲ့သည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် CMP ကုန်ပစ္စည်းများနှင့် ပတ်သက်၍ Tradenet 2.0 စနစ်မှ အလိုအလျောက်ခွင့်ပြုခြင်းကို ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်မှစတင်ကာ ပို့ကုန်လိုင်စင်များ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းသို့ CMP အသင်းဝင်စက်ရုံ/ကုမ္ပဏီများမှ Import/Export ဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

# AOTS ၏ ၁၀ ကြိမ်မြောက် အသင်းသားစုံညီ အစည်းအဝေးသို့ MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်

Myanmar AOTS Alumni Association ၏ ၁၀ ကြိမ်မြောက် အသင်းသားစုံညီ အစည်းအဝေးသို့ AOTS ကျောင်းသားဟောင်းများဖြစ်သော MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။




အသင်းသားစုံညီအစည်းအဝေးပွဲကို ၂၀၂၃ ခုနှစ်၊ မေလ ၂၀ ရက် က Melia Hotel, Inya Room တွင်ပြုလုပ်ခဲ့သည်။ ၁၉၉၈ ခုနှစ်မှစတင်ကာ MGMA ၏ CEC၊ EC၊ MD နှင့် အခြား MGMA အဖွဲ့ဝင်များသည် AOTS ၏ Production Management Program အပြင်အခြားသော Program များ၊ ဂျပန်နိုင်ငံ၏စီးပွားရေးဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့လာရေးအစီအစဉ် AOTS Tokyo Kenshu Center (TKC) နှင့် Osaka သို့သွားရောက်ကာ လေ့လာဆည်းပူး ခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဒု-ဥက္ကဋ္ဌ ဒေါက်တာအောင်ဝင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မန်နေးဂျင်းဒါရိုက်တာ နှင့် MGMA အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး AOTS အဖွဲ့ဝင်ကျောင်းသားဟောင်းများနှင့်အတူ နေ့လယ်စာ စားသုံး ခဲ့ကြသည်။












# Chinese Interpreters' skill enhancement program of Foreign Investment Garment Factories သင်တန်းဆင်းပွဲအခမ်းအနား

Chinese Interpreters' skill enhancement program of Foreign Investment Garment Factories သင်တန်းဆင်းပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ ၁၄ ရက် က မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ် ခိုင်ခိုင်နွယ် မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး YUFL ၏ ပါမောက္ခချုပ် ဒေါက်တာ ကြည်ရွှင်မှ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ မတ်လ ၁၂ ရက်မှ မေလ ၁၄ ရက်ထိ သင်တန်းကာလ ၂ လကြာမြင့်ခဲ့ပြီး သင်တန်းအား တရုတ်စကားပြန်များ၏ ကျွမ်းကျင်မှုကို မြှင့်တင်ရန် နှင့် မြန်မာ့လုပ်ငန်းခွင်ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားလိုက်နာရန် နှင့် လုပ်ငန်းခွင်ယဉ်ကျေးမှုများ ဖလှယ် နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းတက်ရောက်ခဲ့သော သင်တန်းသား ၁၄ ယောက်အား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး အခမ်းအနားသို့ MGMA မှ ဒု-ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ YUFL မှ ပါမောက္ခချုပ်၊ တွဲဖက် ပါမောက္ခချုပ်နှင့် ပါမောက္ခ ၃ ဦး နှင့် CTGA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



GROUP PHOTO



SECRETARY GENERAL OF MGMA DAW KHINE KHINE NWE GIVING OPENING REMARKS



AWARDING CERTIFICATE



AWARDING CERTIFICATE

# မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) မှ National Skill Standard Authority (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ် မေလ ၁၃ ရက်နှင့် ၁၅ ရက် များတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အဆိုပါစက်ရုံရှိ Operator Level ဝန်ထမ်းများအား ရေးဖြေအဖြစ် Multiple Choice မေးခွန်းများ နှင့် လက်တွေ့စစ်ဆေးမှုအဖြစ် စက် (၅) မျိုးဖြစ်သော Single Needle Lock Stitch Machine, Four Thread Overlock Machine, Button Hole Machine, Button Attached Machine, Bartack Machine တို့ကို လက်တွေ့အသုံးပြုပုံများကို အကဲဖြတ်စစ်ဆေးခဲ့သည်။



GROUP PHOTO



NSSA ACCESSOR TEAM



LECTURING NSSA



PRACTICE ASSESSMENT



WRITTEN ASSESSMENT



PRACTICE ASSESSMENT

# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၅ - ၁၆)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၅-၁၆) ကို ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နှင့် ၂၆ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



Batch – 15 Group Photo



Batch – 16 Group Photo

အဆိုပါသင်တန်းကို MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင်အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၃၃) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၆၂) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ်ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။



Discussion And Q&A Session



Labour Officer of MGMA Lecturing Labour Law Awareness

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၉)



Trainer Of MGHRDC Presenting Training Method



MGMA Conducting Labour Law Awareness

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၉) ကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် မှ မေလ ၁၂ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၅၁) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်း လက်မှတ်များပေးအပ်ခဲ့သည်။



Practice Session



Group Work



Practice Session



Participants

# အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၃ ခုနှစ်၊ မေလတွင် အသင်းဝင်စက်ရုံ (၄) ရုံ သို့သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါ (၄) ရုံမှာ Tai Hong Garment Co.,Ltd, Saung Oo Shwe Nay Co.,Ltd, Yoo Win Mfg Co.,Ltd နှင့် Myanmar Longsheng Fashion Co.,Ltd တို့ဖြစ်သည်။




MYANMAR LONGSHENG FASHION CO.,LTD




SAUNG OO SHWE NAY CO.,LTD

ဝါးတရာစက်မှုဇုန်ရှိ Tai Hong Garment Co.,Ltd သို့ မေလ ၉ ရက်တွင်လည်းကောင်း, ငွေပင်လယ်စက်မှုဇုန်ရှိ Saung Oo Shwe Nay Co.,Ltd သို့ မေလ ၁၁ ရက်တွင်လည်းကောင်း၊ ရွှေသံလွင်စက်မှုဇုန်ရှိ Yoo Win Mfg Co.,Ltd သို့ မေလ ၁၂ ရက်တွင်လည်းကောင်း၊ လှိုင်သာယာ စက်မှုဇုန် (၂) ရှိ Myanmar Longsheng Fashion Co.,Ltd သို့ မေလ ၁၅ ရက်တွင်လည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။

MGMA ၏ Labour Officer မှသွားရောက်ကာ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံး နှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှု ဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



TAI HONG GARMENT CO.,LTD



YOO WIN MFG CO.,LTD

# MGMA, CTGA, KOGAM, JGMA နှင့် အသင်းဝင်များ စုပေါင်းလှူဒါန်းသည့် အဝတ်အထည် နှင့် ဆန်များကို သင်္ဘောဖြင့် ပို့ဆောင်ရန် စတင်သယ်ယူခြင်း

မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် MGMA နှင့် နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်း တို့ စုပေါင်းလှူဒါန်းထားသည့် အဝတ်အထည်နှင့် ဆန်များကို သင်္ဘောဖြင့်ပို့ဆောင်ရန် စတင်သယ်ယူလျက်ရှိနေပြီဖြစ်ပါသည်။

အဆိုပါပစ္စည်းများသည် MGMA နှင့် နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်အသင်းများဖြစ်သော CTGA, KOGAM, JGMA နှင့် ၄င်းတို့အသင်းဝင်များ၏ စုပေါင်းလှူဒါန်းထားသည့် အလှူပစ္စည်းများဖြစ်ပြီး အဝတ်အထည်၊ အနွေးထည်များ၊ စောင်များ၊ ကျောင်းဝတ်စုံများ နှင့် ဆန်အိတ်များပါဝင်သည်။

စုပေါင်းလှူဒါန်းထားသည့်ပစ္စည်းများကို မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) တွင်ထားရှိပြီး မေလ ၂ ရက်နှင့် ၃ ရက် များတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ စီစဉ်ဆောင်ရွက်မှုဖြင့်စတင်သယ်ယူပို့ဆောင်ပေးနေခြင်း ဖြစ်သည်။



Recognition of honor to Member Factories



Recognition of honor to Member Factories



MGMA Responsible Team



Transporting In-kind Item



Transporting In-kind Item



Transporting In-kind Item

# LIFT Myanmar SECURE Project Learning Workshop

LIFT Myanmar မှကြီးမှူးကျင်းပသည့် SECURE Project Learning Workshop သို့ MGMA မှ Project တာဝန်ခံများတက်ရောက်ခဲ့သည်။ SECURE Project Learning Workshop ကို မေလ ၂၈ ရက်နှင့် ၂၉ ရက် များတွင် Inya Lake Hotel, Mingalar Ballroom ၌ပြုလုပ်ခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် LIFT Myanmar မှ ကိုယ်စားလှယ်များသည် အဖွင့်အမှာစကားပြောကြားပြီး မိတ်ဖက်အသင်းအဖွဲ့၏ လုပ်ငန်းဆောင်တာများကို ခြုံငုံသုံးသပ်ခဲ့ပါသည်။ MGMA ၏ မန်နေဂျင်းဒါရိုက်တာမှ ၂၀၂၀ - ၂၀၂၃ ခုနှစ်အတွင်း စီမံကိန်းဆောင်ရွက်ချက်များကို ခြုံငုံသုံးသပ်တင်ပြပြီး pilot model factory ဖြစ်သည့် Kyarr Lay Co.,Ltd ၏အောင်မြင်မှုကို ရှင်းလင်းတင်ပြခဲ့သည်။









MGMA အနေဖြင့် စီမံကိန်းနှစ်များဖြစ်သော ၂၀၂၀ ခုနှစ် မှ ၂၀၂၃ ခုနှစ်အတွင်း Merchandiser Training, Income Management Training, Industrial Relations in Garment Factory Training, Environmental Compliance, OSH (introductory and Advance level), Practical applied HR Management in apparel industry, Social compliance Workshop နှင့် MGMA staff's capacity strengthening အစရှိသည့် soft skill training များကိုပြုလုပ်ခဲ့သည်။

LFIT Myanmar ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၂၁ ခုနှစ်မှစတင်ကာ စက်ရုံစီမံခန့်ခွဲမှုဖြင့် Kyarr Lay စက်ရုံတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Model Factory သည်အဓိကလုပ်ဆောင်မှုတစ်ခုဖြစ်သည်။ ထို့နောက် Panel Discussion တွင် MGMA ၏ Training Series တွင်ပါဝင်သည့် Beneficiaries များမှ ၎င်းတို့၏ Training များမှရရှိခဲ့သည် အကျိုးကျေးဇူးများအကြောင်း နှင့် Model Factory ၏ Success Stories အား အမေးအဖြေကဏ္ဍများဖြင့် ကျင်းပခဲ့ပြီး Model Factory Documentary Video များကို ပြသခဲ့သည်။ LIFT Myanmar မှ တာဝန်ရှိသူတစ်ဦး မှ အပိတ်အမှာစကားပြောကြားပြီး SECURE Project မှ ကိုယ်စားလှယ်များ၊ MGMA အဖွဲ့ဝင်စက်ရုံများမှ အကျိုးခံစားခွင့်ရှိသူများနှင့် Piloted Factory ဖြစ်သည့် Kyarr Lay Co.,Ltd မှ စက်ရုံစီမံခန့်ခွဲရေး ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

# UPCOMING ACTIVITIES

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Advanced Sewing Machine Operator Training | 29 May to 9 June | MGHRDC |
| 2. | Industrial Engineering Training | TBC | MGHRDC |
| 3. | Labour Law awareness training | TBC | MGHRDC |
| 4. | Exchange networking dinner with foreign cluster of garment associations in Myanmar | 16 June | TBC |

# MEMBERSHIP UPDATE

New Members in May 2023

| Country | No. of New Member Factories |
|---|---|
| China | 5 |
| Myanmar | 1 |
| Total | 6 |

Membership Update as of May 2023

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 61 |
| | China | 312 |
| | Korea | 55 |
| | Japan | 18 |
| | Others | 21 |
| | Joint Venture | 29 |
| | Local, Sub-Con, Marketing, Inspection ,Textile | 55 |
| Total (Active) | | 551 |
| Total (Inactive) | | 258 |
| Grand Total | | 809 |